# ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး
# ၁၃ ရက်မြောက်နေ့အစီအစဉ်
# [ ၇ – ၉ – ၂၀၁၁]
# (ဗုဒ္ဓဟူးနေ့)

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း။

၂။ ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်း နှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။

၃။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၁၃ ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း။

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်း နှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း။

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းခြင်း နှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း–

(က) ဦးအေးနိုင်၊ ဆင်ပေါင်ဝဲ မဲဆန္ဒနယ်၏ **“ နိုင်ငံခြားငွေလဲလှယ်မှုနှင့် ပင်လယ်ရေကြောင်း အကောက်ခွန်ဥပဒေ”** နှင့်စပ်လျဉ်းသည့် မေးခွန်း။

(ခ) ဦးမျိုးဆွေ၊ တနိုင်း မဲဆန္ဒနယ်၏ **“ တစ်ရာ၊ နှစ်ရာကျပ်တန်များ လဲလှယ်ခွင့် ”** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(ဂ) ဦးစိုးနိုင်၊ ဖျာပုံ မဲဆန္ဒနယ်၏ **“ရေလုပ်သားများ အသက်အာမခံထားရှိခွင့် ”** နှင့်စပ်လျဉ်းသည့် မေးခွန်း။

(ဃ) ဦးမောင်တိုး၊ မင်းလှ မဲဆန္ဒနယ်၏ **“နိုင်ငံခြားသုံးငွေ ကိုင်ဆောင်ခွင့် ဥပဒေ”** နှင့်စပ်လျဉ်းသည့် မေးခွန်း။

(င) ဦးကျော်ဝင်း၊ ကန်ကြီးထောင့် မဲဆန္ဒနယ်၏ **“အောင်ဘာလေထီ”** နှင့်စပ်လျဉ်းသည့် မေးခွန်း။

(စ) ဦးအောင်ကျော်စိုး၊ နတ်မောက် မဲဆန္ဒနယ်၏ **“စိုက်ပျိုးစရိတ်ချေးငွေများကို ကျေးရွာများအရောက် ထုတ်ချေးပေးရန်”** နှင့်စပ်လျဉ်းသည့် မေးခွန်း။

(ဆ) ဦးအောင်စိန်၊ မာန်အောင် မဲဆန္ဒနယ်၏ **“လယ်ယာမြေကွက်အသစ်ဖော်ထုတ်ရေး”** နှင့်စပ်လျဉ်းသည့် မေးခွန်း။

(ဇ) ဦးတင်ဝင်း၊ ဒေးဒရဲ မဲဆန္ဒနယ်၏ **“လယ်သမားတာအား ဆည်မြောင်းတာအဖြစ် သတ်မှတ်ပေးရေး”** နှင့်စပ်လျဉ်းသည့် မေးခွန်း။

(ဈ) ဦးဖုံးတိန့်၊ ချီဖွေ မဲဆန္ဒနယ်၏ **“စက်ယန္တရားများဖြင့် ရွှေတူးဖော်ထုတ်လုပ်ခွင့်ပြုရန်”** နှင့်စပ်လျဉ်းသည့် မေးခွန်း။

(ည) ဒေါ်ခင်သန်းမြင့်၊ ငပုတော မဲဆန္ဒနယ်၏ **“တောဆင်ရိုင်းများ အန္တရာယ်မှ ကင်းရှင်းရေး”** နှင့်စပ်လျဉ်းသည့် မေးခွန်း။

၆။ ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌက အမျိုးသားလွှတ်တော်မှ အတည်ပြုချက်ဖြင့် ပေးပို့သော **“ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း”** နှင့်စပ်လျဉ်း၍ ဥပဒေကြမ်း ကော်မတီ၏ အစီရင်ခံစာကို တင်သွင်းခြင်း။

၇။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်မှ အတည်ပြုချက်ဖြင့် ပေးပို့သော **“ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း”** ကို အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း။

၈။ ဦးဌေးဦး၊ ဟသ်ာတမဲဆန္ဒနယ် က **“၂၀၁၁ ခုနှစ်လယ်ယာမြေ ဥပဒေကြမ်း”** ကို တင်သွင်းခြင်း။

၉။ **“၂၀၁၁ ခုနှစ်လယ်ယာမြေ ဥပဒေကြမ်း”** နှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော် ဥပဒေကြမ်း ကော်မတီ၏ အစီရင်ခံစာကို ဥပဒေကြမ်း ကော်မတီ ဥက္ကဋ္ဌ (သို့မဟုတ်) ဥက္ကဋ္ဌက တာဝန်ပေးအပ်သူက ဖတ်ကြား ရှင်းလင်းခြင်း။

၁၀။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက **“၂၀၁၁ ခုနှစ်လယ်ယာမြေ ဥပဒေကြမ်း”** ကို လွှတ်တော်က ဆွေးနွေးစဉ်းစားရန် ဖြစ်ကြောင်း ကြေညာခြင်းနှင့် ဥပဒေကြမ်း ကိုဆွေးနွေးမည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်း နိုင်ကြောင်း ကြေညာခြင်း။

၁၁။ ဦးသိန်းညွန့်၊ သဃ်န်းကျွန်း မဲဆန္ဒနယ်၏ **“နိုင်ငံတကာအဆင့်မီ အလုပ်သမား အခွင့်အရေးဆိုင်ရာ ဥပဒေသစ်တစ်ရပ်မူကြမ်း ရေးဆွဲ ပြုစုပြီး ပထမအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန် အစည်းအဝေးသို့ တင်သွင်းဆွေးနွေး နိုင်ရေး လိုအပ်သော အစီအစဉ်များ ပြုလုပ်ပေးပါရန်”** အဆိုကို အောက်ပါ လွှတ်တော် ကိုယ်စားလှယ်များ က ဆွေးနွေးခြင်း–

(က) ဦးဝင်းဆွေ၊ ညောင်ရွှေ မဲဆန္ဒနယ်။

( ခ ) ဦးညဏ်ဆွေဝင်း၊ ကျောက်ကြီး မဲဆန္ဒနယ်။

(ဂ) ဒေါ်စုစုလှိုင်၊ ဒဂုံမြို့သစ်(တောင်ပိုင်း) မဲဆန္ဒနယ်။

၁၂။ အဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင် က ပြန်လည်ရှင်းလင်း ဆွေးနွေးခြင်း။

၁၃။ အဆိုနှင့် စပ်လျဉ်း၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

၁၄။ ဦးသိန်းညွန့်၊ သဃ်န်းကျွန်း မဲဆန္ဒနယ်၏ **"သတင်းမီဒီယာသမားများ၏ ထင်မြင်ယူဆချက်များကို လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်၊ ရေးသား ဖြန့်ဝေခွင့်စသည့် အခွင့်အရေးများ ကာကွယ်စောင့်ရှောက် ပေးသည့် ဥပဒေတစ်ရပ် ပြဋ္ဌာန်းပေးပါရန်"** အဆိုကို အောက်ပါ လွှတ်တော် ကိုယ်စားလှယ်များ က ဆွေးနွေးခြင်း–

(က) ဦးအောင်မြင့်သိန်း၊ ပေါင်းတည် မဲဆန္ဒနယ်။

(ခ) ဦးရဲထွန်း(ခ)ဦးမင်းထွန်း၊ သီပေါ မဲဆန္ဒနယ်။

(ဂ) ဦးသောင်း၊ မော်လိုက် မဲဆန္ဒနယ်။

(ဃ) ဦးဉာဏ်ဝင်း၊ လှိုင်သာယာ မဲဆန္ဒနယ်။

၁၅။ အဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင် က ပြန်လည်ရှင်းလင်း ဆွေးနွေးခြင်း။

၁၆။ အဆိုနှင့် စပ်လျဉ်း၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

၁၇။ ဒေါ်ဒွဲဘူ၊ အင်ဂျန်းယန် မဲဆန္ဒနယ်၏ **"ဝေးလံခက်ခဲသော တောင်ပေါ်ဒေသ များမှ ကျောင်းသူ/ကျောင်းသားများအား ပညာရေးကောလိပ်၊ သားဖွား ဆရာမနှင့် သူနာပြုအစရှိသည့် သင်တန်းများတွင် ဝင်ခွင့်ရရှိရေး အတွက် သတ်မှတ်ထားသော (၁၀)တန်း ရမှတ်ကို လျှော့ပေါ့ စဉ်းစား ပေးပြီး မိမိဒေသတွင် တာဝန်ထမ်းဆောင်ပါမည်ဟူသော ကတိခံဝန်ချုပ်ဖြင့် ဒေသခံများအား အထူးဦးစားပေး တက်ရောက်နိုင်ရေးအတွက် ခွင့်ပြုစေနိုင်ရေး"** အဆိုကို အောက်ပါ လွှတ်တော် ကိုယ်စားလှယ်များ က ဆွေးနွေးခြင်း–

(က) ဦးစိုင်းထွန်းစိန်၊ မိုင်းပြင်း မဲဆန္ဒနယ်။

(ခ) ဦးစီခန်ရမ်၊ ခေါင်လန်ဖူး မဲဆန္ဒနယ်။

(ဂ) ဦးထန်းလိန်း၊ မင်းတပ် မဲဆန္ဒနယ်။

(ဃ) ဒေါ်ခင်စောဝေ၊ ရသေ့တောင် မဲဆန္ဒနယ်။

(င) ဦးထွန်းဆာ(ခ)ဦးစိုင်းထွန်းဝင်း၊ တန့်ယန်း မဲဆန္ဒနယ်။

(စ) ဦးရှိသီး၊ လေရှီး မဲဆန္ဒနယ်။

(ဆ) ဦးလှထွန်း၊ ခန္တီး မဲဆန္ဒနယ်။

၁၈။ အဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့ အစည်းဝင် က ပြန်လည်ရှင်းလင်း ဆွေးနွေးခြင်း။

၁၉။ အဆိုနှင့် စပ်လျဉ်း၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

၂၀။ ဦးထွန်းသိန်း(ခ)ဦးထွန်းထွန်း၊ မံစီ မဲဆန္ဒနယ်၏ **"ကချင်ပြည်နယ်၊ ဖားကန့်မြို့နယ်တွင် ကျောက်မျက်၊ ကျောက်စိမ်းများကို ထိန်းသိမ်း၍ ရေရှည်စနစ်တကျ တူးဖော်ထုတ်လုပ်ရေး"** အဆို တင်သွင်းခြင်း။

၂၁။ အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌ က ကြေညာခြင်း။

၂၂။ ဦးခမိုင်မုံကွမ်(ခ)ဦးခမိုင်တန်၊ ဆွမ်ပရာဘွမ် မဲဆန္ဒနယ်၏ **"ပြည်နယ်နှင့်တိုင်းဒေသကြီး အစိုးရအဖွဲ့မှ ပြည်ထောင်စုသတ္တုတွင်းဝန်ကြီးဌာနနှင့် ပူးပေါင်း၍ အသေးစားသယံဇာတ ရှာဖွေတူးဖော်ရေးလုပ်ငန်းနှင့် ပတ်သက်သော လုပ်ငန်းခွင်လိုင်စင် ချမှတ်နိုင်ရေး"** အဆို တင်သွင်းခြင်း။

၂၃။ အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌ က ကြေညာခြင်း။

၂၄။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက ပထမအကြိမ်ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၁၃ ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ၁၄ ရက်မြောက်နေ့ ဆက်လက် ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။